



mgyoe.com


Nicola Davies illustrated by James Croft
SURPRISING
SHARK
ထူးဆန်းထွေလာ
ငါးမန်းတို့ကမ္ဘာ
ဧရာမလူသားစားသတ္တဝါကြီး
တစ်ကောင်ကို စဉ်းစားမိစေတဲ့ စကားလုံးတစ်လုံးက
ဘာဖြစ်မလဲ...
LLKS0006
1,800.00 KS
mgyoe.com

mgyoe.com

ထူးဆန်းထွေလာ ငါးမန်းတို့ကမ္ဘာ၊ လင်းလက်ကြယ်စင်
စာမျက်နှာ ၆၁ မျက်နှာ၊ ၁၈.၅ စင်တီ× ၂၅.၅ စင်တီ

ထုတ်ဝေသူ - ဦးဝန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇွန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ထူးဆန်းထွေလာ
# ငါးမန်းတို့ကမ္ဘာ
# Surprising Sharks

Nicola Davies


လင်းလက်ကြယ်စင်

မြန်မာပြန်ဆိုသည်


mgyoe.com

mgyoe.com

mgyoe.com



SURPRISING
SHARK
ထူးဆန်းထွေလာ
ငါးမန်းတို့ကမ္ဘာ
Nicola Davies
illustrated by
James Croft
လင်းလက်ကြယ်စင်
မြန်မာပြန်ဆိုသည်
mgyoe.com

mgyoe.com




mgyoe.com

mgyoe.com




mgyoe.com

mgyoe.com
mgyoe.com


mgyoe.com

# SURPRISING SHARK

# ထူးဆန်းထွေလာ ငါးမန်းတို့ကမ္ဘာ

mgyoe.com

mgyoe.com




သင်က ပူနွေးစိမ်းပြာတဲ့ ပင်လယ်ထဲမှာ ရေကူးနေပါတယ်။
သင့်ရဲ့ ပျော်စရာအိပ်မက်ကို အိပ်မက်ဆိုးတစ်ခု ဖြစ်အောင်
ပြောင်းပစ်လိုက်တဲ့ စကားလုံးရှိမယ်ဆိုရင်
အဲဒီစကားလုံးက ဘာဖြစ်မလဲ။

# ရောမ


# လူသားစားသတ္တဝါကြီး

တစ်ကောင်ကို စဉ်းစားမိစေတဲ့
စကားလုံးတစ်လုံးက

# ဘာဖြစ်မလဲ...



mgyoe.com






mgyoe.com
mgyoe.com

mgyoe.com



**ငါးမန်း** ဟုတ်တယ် . . . ငါးမန်းတစ်ကောင်ပါ။



mgyoe.com

mgyoe.com




ပိုးစုန်းကြူးငါးမန်း (DWARF LANTERN SHARK)
တစ်ကောင် ဖြစ်ပါတယ်။ ၎င်းဟာ ကမ္ဘာပေါ်မှာ
အသေးဆုံးငါးမန်းအမျိုးအစား ဖြစ်ပါတယ်
ချောကလက်ချောင်း တစ်ချောင်းထက် နည်းနည်းပဲ ပိုကြီးပါတယ်။
ဧရာမအကောင်ကြီး မဟုတ်သလို လူသားလည်း မစားပါဘူး။
သင်က ပုစွန် မဟုတ်ဘူးဆိုရင် သူက သင့်ကို သတ်မှာ မဟုတ်ပါဘူး။




mgyoe.com

**ငါးမန်းအများစုက သင် မျှော်လင့်ထားသလို ပုံစံမျိုး မဟုတ်ကြပါဘူး။**
**ဘယ်သူကကော ငါးမန်းတွေကို . . .**

ပိုးစုန်းကြူးငါးမန်းတွေရဲ့ ဝမ်းဗိုက်ပိုင်းမှာ အလင်းထွက်စေတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ရှိပါတယ်။ အဲဒီလိုအလင်း ထွက်တာကြောင့် သူတို့ဟာ ငွေရောင်တဖျပ်ဖျပ်လတ်နေတဲ့ ပင်လယ်ရေမျက်နှာပြင်နဲ့ ရောယှက်နေနိုင် ပြီး ငါးကြီးတွေရဲ့ အစာမဖြစ်အောင် ရှောင်နိုင်ပါတယ်။ ပုံမှာပါတဲ့ **BLACKBELLY LANTERN SHARK** အပါအဝင်ပေါ့



**ဆန်းပြားတဲ့ မီးရောင်တွေနဲ့ ဖွဲ့စည်းထားမယ်၊ သို့မဟုတ် မွေးနေ့ပွဲမှာ အလှဆင်တဲ့ပူဖောင်းတစ်လုံးလို ဖောင်းကားလာလိမ့်မယ်လို့ မျှော်လင့်ထားမိမှာလဲ**




ကြောင်ငါးမန်းတွေ **(SWELL SHARK)** ကြောက်လန့်တဲ့အခါ ရေတွေကို ငုံထားလိုက်ပါတယ်။ အဲဒီအခါမှာ သူ့ရဲ့ရှိရင်းစွဲ အရွယ်ပမာဏထက် သုံးဆလောက်အထိ ကြီးထွားလာလို့ သူ ခိုအောင်းရာ ကျောက်ဆောင်ကြားကနေ အမဲလိုက်တဲ့ သားရိုင်းက ဆွဲထုတ်လို့ မရတော့ပါဘူး။



mgyoe.com

mgyoe.com








**WOBBEGONG** လို့ ခေါ်တဲ့ ဒီဩစတြေးလျငါးမန်းမျိုးဟာ ပင်လယ်ရေအောက်က ကျောက်တုံး၊ ကျောက်ဆောင်တွေ၊ သန္တာကျောက်တန်းတွေနဲ့ အသွေးအရောင် ပုံစံချင်းတူတဲ့ အရေခွံရှိပါတယ်။ သူဟာ ဒီနည်းနဲ့ အသွင်ဖျောက်ပြီး ခရု၊ ကမာ၊ ဂဏန်းနဲ့ ငါးငယ်ကလေးတွေကို ဖမ်းယူထားပါတယ်။

**ဒါမှမဟုတ် ပင်လယ်ကြမ်းပြင်မှာ ကော်ဇောအဟောင်းတစ်ချပ်လို ပြားပြားဝပ်ပြီး ရှိနေလိမ့်မယ်လို့ ဘယ်သူထင်မှာလဲ...**



mgyoe.com

mgyoe.com



ကျွင်းမန်း၊ သို့မဟုတ် တူငါးမန်း ( HAMMEREAD SHARKS) ကို ဟိုဘက်ဒီဘက် ရှည်ထွက်နေတဲ့ ခေါင်းရှိပြီး ခေါင်းရဲ့အစွန်းနှစ်ဖက်မှာ မျက်စိနဲ့ နှာခေါင်းပေါက်တွေ ရှိပါတယ်။ ၎င်းတို့က သားကောင်ရဲ့အနံ့ကို ဖော်ထုတ်ပေးပြီး ပတ်ပတ်လည်ကို မြင်နိုင်အောင် ကူညီပေးပါတယ်။

...ဒါမှမဟုတ် လက်သမားပုံးထဲက ကိရိယာတန်ဆာပလာတွေနဲ့ တူနေပါသလား။




လွှငါးမန်း(SAW SHARK) မှာပါတဲ့ လွှသွားပုံနှုတ်သီးက ရွှံ့တောထဲမှာ ပုန်းနေတဲ့ ငါးတွေကို ရှာထုတ်ပေးပြီး အစာရှာဖွေရာမှာ ကူညီပေးပါတယ်။



mgyoe.com

mgyoe.com

တကယ်တော့ ငါးမန်းတွေဟာ ပုံသဏ္ဍာန် အမျိုးမျိုး၊
အရွယ်အစားအမျိုးမျိုး ရှိပါတယ်။






mgyoe.com

ဒီလိုပုံစံမတူ၊ အရွယ်မတူတဲ့ သတ္တဝါတွေကိုဘာကြောင့် ငါးမန်းလို့ ခေါ်တွင်ရတာလဲ။ တူတဲ့အချက်တွေကို သင် တွေ့ပါလိမ့်မယ်။




**ရေကူးရန် ရေယက်၊ ဆူးတောင်နှင့် အမြီး**

ငါးမန်းရဲ့ အမြီးရေယက်က တခြားငါးတွေနဲ့မတူ အရင်းထက် အဖျားမှာ ပိုကြီးပါတယ်။ အမြီးက ရေကို ခွင်းပြီး ရှေ့ကိုရောက်အောင် တွန်းပေးပါတယ်။ ကျန်တဲ့ ရေယက်တွေက ငါးမန်းတွေ ဘယ်ညာ၊ အပေါ် အောက် ကူးနိုင်အောင် ကူညီပါတယ်။

## ပြင်ပသွင်ပြင်လက္ခဏာ




mgyoe.com

mgyoe.com

## ကော်ပတ်ကဲ့သို့ မာကြမ်းသော အရေပြား

ငါးမန်းအရေခွံကို သေးငယ်တဲ့ သွားစုံစံအကြေးခွံတွေနဲ့ ဖုံးအုပ်ထားလို့ ထူထဲမာကြောပါတယ်။




### အသက်ရှူရန် ပါးဟပ်ရာ

ပါးဟပ်ရာအတွင်းမှာ ရှိတဲ့ အလွန်ပါးလွှာတဲ့ အရေပြားလွှာက ရေမှာပါတဲ့ အောက်ဆီဂျင်ကို ငါးမန်းရဲ့ သွေးထဲကို ဝင်ရောက်စေပါတယ်။ လူတွေ အသက်ရှူတဲ့အခါ အဆုတ်က လေမှာပါတဲ့ အောက်ဆီဂျင်ကို ထုတ်ယူပြီး သွေးထဲရောက်ရှိစေသလိုပေါ့။




mgyoe.com

mgyoe.com

# အတွင်းပိုင်းသွင်ပြင် လက္ခဏာ

## ငေါထွက်နေသော မေးရိုးများ

ငါးမန်းတွေရဲ့ မေးရိုးတွေက လူတွေမှာလို ဦးခေါင်းရဲ့အစိတ်အပိုင်းတစ်ရပ် မဟုတ်ပါဘူး။ သားရေကွင်းအရှင် လိုဟာမျိုးနဲ့ ထိန်းထားတယ်။ ဒါကြောင့် သားကောင်ကို ဟပ်ရာမှာ မေးရိုးတွေက ရှေ့ကိုအမြန်ထိုးလိုက်နိုင်ပါတယ်။




## မလွတ်တမ်း ဝါးနိုင်သော သွားများ

ငါးမန်းတစ်ကောင်မှာ သွားအချောင်းရေ ၃,၀၀၀ လောက်အထိ ရှိနိုင်တယ်။ သွားတွေက အတန်းလိုက် ဆင့်ပြီးတော့ ရှိတယ်။ သွားတစ်ချောင်း ကျွတ်သွားရင် အနောက်က သွားတစ်ချောင်းက ရှေ့မှာဝင်နေရာယူတယ်။ ဒါကြောင့် ငါးမန်းတွေမှာ ချွန်ထက်တဲ့သွားတွေ အမြဲရှိပြီး သူတို့တစ်သက်တာအတွင်းမှာ သွားပေါင်း ၂၀,၀၀၀ ကျော်လောက်ကို အသုံးပြုတယ်။




mgyoe.com

mgyoe.com

**ရေပေါ်အောင် လုပ်ပေးတဲ့ ကျောရိုး**

ငါးမန်းအရိုးတို့ လူ့ခန္ဓာကိုယ်က နားရွက်နဲ့ နှာခေါင်းဖျားတို့မှာ ဖွဲ့စည်းထားတဲ့ Cartilage လို့ခေါ်တဲ့ အရိုးနုမျိုးနဲ့ တည်ဆောက်ထားတာပါ။ ၎င်းက ရေမှာ ရာဘာဘောလုံးလို ပေါ်ပါတယ်။




ဒါပေမဲ့ ဒါက ငါးမန်းတစ်ကောင်လို့ အမည်တွင်တဲ့ အကြောင်းတစ်ချက်တာလောက်ပဲ ရှိပါတယ်။



mgyoe.com